**မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် ပံ့ပိုးပေးသည့် ကိုရီးယားအရပ်ဘက်အဖွဲ့အစည်းများ**

**နှင့်**

**Justice For Myanmar**

**မှ**

**POSCO ၏ ကြေညာချက်အပေါ် တန်ပြန် တုံ့ပြန်ချက်တစ်ရပ်**

---

၂၀၂၁ ခုနှစ် မတ်လ ၁၀ ရက်တွင် POSCO သည် ကိုရီးယားအရပ်ဘက်အဖွဲ့အစည်းများ၏ သတင်းစာရှင်းလင်းပွဲနှင့် ပတ်သက်၍ ကြေငြာချက်ထုတ်ပြန်ခဲ့သည်။ ကြေငြာချက်တွင် "ရန်ကုန်ရှိ Lotte ဟိုတယ်မြေကို မြန်မာအစိုးရကပိုင်ဆိုင်ပြီး ပြည်ထောင်စုဘတ်ဂျက် ဥပဒေပုဒ်မ ၂ အရ ငှားရမ်းခကို ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးသောကြောင့် စစ်တပ်မှ မတရား အသုံးပြုရန်အတွက် မဖြစ်နိုင်" ဟု ငြင်းဆိုထားသည်။ ထို့ပြင် မြန်မာအခြေစိုက် POSCO C & C သည် မြန်မာ့စီးပွားရေး ဦးပိုင်လိမိတက်(MEHL) သို့ မည်သည့်နှင့်နည်းမျှ တရားမဝင် ငွေကြေးထောက်ပံ့ပေးတာမျိုး မရှိသည့်အပြင် ၂၀၁၇ နောက်ပိုင်း အမြတ်ဝေစုကိုလည်း မပေးခဲ့ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ POSCO ၏ထုတ်ပြန်ကြေညာချက်နှင့် ပတ်သက်၍ ကိုရီးယားအရပ်ဘက်အဖွဲ့အစည်းများနှင့် Justice For Myanmar မှ အောက်ဖော်ပြပါအတိုင်း တုံ့ပြန်လိုပါသည်။

**POSCO International ၏ ဟိုတယ်စီးပွားရေး အပေါ် တုံ့ပြန်မှု**

ပထမဦးစွာ **မြန်မာစစ်အုပ်စုသည်** POSCO မှ ရည်ညွှန်းသော **Lotte ဟိုတယ်၏ မြေနေရာကို**ပိုင်ဆိုင်ပြီး **ငှားရမ်းခ ပေးချေမှုမှာ ကာကွယ်ရေးဝန်ကြီးဌာန (MoD) ၏ ဘဏ်အကောင့်သို့ စီးဆင်းသည်**။ ထို့အပြင် စာချုပ်ကို **တည်ဆောက်၊ လည်ပတ်၊ လွှဲပြောင်းဟုခေါ်သည့် BOT စနစ်ဖြင့်** ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဆက်နွယ်နေသော စစ်ထောက်ချုပ်ရုံးနှင့် စာချုပ် ချုပ်ဆိုခဲ့သည်။ နှစ်ပေါင်း (၅၀) ကြာ စီမံကိန်းအပြီးတွင် ဟိုတယ်ပိုင်ဆိုင်မှုအား စစ်တပ်ကိုပင် ပြန်လည် လွှဲပြောင်းပေးရလိမ့်မည်ဖြစ်သောကြောင့် ၎င်းတို့၏ အကျိုးမြတ်ဖြစ်ထွန်းမှုကို ပံ့ပိုးပေးရာရောက်သည်။ ဤကိစ္စရပ်အား ကုလသမဂ္ဂ အချက်အလက် ရှာဖွေရေးမစ်ရှင် (FFM) က ထောက်ပြထားပြီးဖြစ်သည်။

ဒုတိယအချက်မှာ POSCO ၏အကြံပြုထားသလို ပြည်ထောင်စုဘတ်ဂျက်ဥပဒေပုဒ်မ ၂ နှင့်အညီ မြန်မာစစ်တပ်သည် ငှားရမ်းခကို ပြည်ထောင်စုဘတ်ဂျက်သို့ တင်ပြသင့်သည်ဟု ဆိုသည်။ သို့သော် မြန်မာနိုင်ငံ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ **စစ်တပ်အနေဖြင့် လွှတ်တော်နှင့် ပြင်ပစာရင်းစစ်မှုများကို ခံယူစရာ မလိုပါ**။ **ကာကွယ်ရေး ဝန်ကြီးဌာနအနေဖြင့် မြေငှားရမ်းခငွေပေးချေမှုကို ဖေါ်ထုတ်ပြသရမည့်** မည်သည့်ငွေစာရင်းခေါင်းစဉ်မျှ မရှိသည်ကိုလည်း အတည်ပြုထားပြီးဖြစ်သည်။

မြန်မာစစ်တပ်သည် ၎င်းတို့ ထင်သလိုချယ်လှယ် လည်ပတ်နိုင်ပြီး၊ အရေးယူခံရခြင်း လုံး၀ ရှိမနေဘဲ၊ အရပ်သားအစိုးရ၏ စစ်ဆေးမှုမှလည်း ကင်းလွတ်နေခဲ့ရသည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ အခန်း (၁) အပိုဒ် (၂၀) (ခ) အရ **တပ်မတော်သည် လက်နက်ကိုင်တပ်ဖွဲ့များဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်**

**ရရှိထားသည်**။ ကာကွယ်ရေး ဝန်ကြီးဌာနသည် မြန်မာစစ်တပ်၏ ထိန်းချုပ်မှုအောက်တွင်ရှိပြီး ကာကွယ်ရေးဝန်ကြီးကို ကာကွယ်ရေး ဦးစီးချုပ်ကခန့်အပ်သည်။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၃၉ အရ **ကာကွယ်ရေးဝန်ကြီးဌာနသည် စာရင်းစစ်ဆေးခြင်းမှ ကင်းလွတ်သည်**။ လွတ်တော်အနေဖြင့် စစ်တပ်၏ ရသုံးငွေစာရင်းအား စစ်ဆေး၍မရပါ။ Justice For Myanmar ၏ အဆိုအရ ကာကွယ်ရေးဝန်ကြီးဌာန၏ ရသုံးငွေစာရင်းရှင်းတမ်း၏ ဒေတာအချက်အလက်ထဲတွင် မြေငှားရမ်းခ ပေးချေမှုနှင့် ပတ်သက်၍ မည်သည့် စာရင်းခေါင်းစဉ်မျှ မရှိပါ။ (https://www.justiceformyanmar.org/stories/myanmar-military-budget-and-procurement-files)

တတိယအချက်မှာ ပြည်ထောင်စုဘတ်ဂျက်သို့ ပြုလုပ်သည့် မြေယာငွေပေးချေမှုများမှာ စစ်တပ်၏ လက်လွတ်စပယ် အသုံးပြုမှုသို့ မရောက်ရှိနိုင်ဟု ဆိုသည်မှာ စစ်အာဏာသိမ်းမှု ဖြစ်ပြီးနောက်တွင် ပိုမိုယုံကြည်နိုင်စရာ နည်းပါးသွားပါသည်။ **အစိုးရအား လွှဲပြောင်းယူလိုက်သော စစ်အုပ်စုအနေဖြင့် မြေယာငွေပေးချေမှုကို မတရားသဖြင့် အသုံးပြုရန် စွမ်းဆောင်နိုင်စွမ်းရှိပါသည်။ POSCO သည် ငွေပေးချေမှုကို ချက်ချင်း ရပ်ဆိုင်းရမည်။**

PSOCO ကဲ့သို့ပင် Emerging Towns & Cities Singapore Ltd. သည်လည်း တည်ဆောက်၊ လည်ပတ်၊ လွှဲပြောင်းပေးသည့် (BOT) စာချုပ်အောက်တွင် စစ်တပ်နှင့် စီးပွားရေးဆက်ဆံမှုကို ဆက်လက် ထိန်းသိမ်းထားလျက်ရှိသည်။ သို့သော် စက်ဘ်ပူစတော့အိတ်ချိန်းမှ စစ်တပ်အာဏာသိမ်းမှုအပြီးတွင် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ အရေးယူမှုတစ်ခု ပြုလုပ်ခဲ့ပြီး ကုမ္ပဏီအနေဖြင့် လွတ်လပ်သော ကျွမ်းကျင်သူပညာရှင်တစ်ဦးဖြင့် ငွေပေးချေမှုများအား ပြန်လည်သုံးသပ်နေသည်။ ထိုကာလတွင်း ကုမ္ပဏီက ၎င်းတို့၏ စတော့အိတ်ချိန်းစာရင်းသွင်းခြင်းကို ဆိုင်းငံ့ထားရန် တောင်းဆိုခဲ့သည်။ POSCO အနေဖြင့် ယနေ့အချိန်ထိ လုပ်ဆောင်ခဲ့သော မည်သည့် လုပ်ဆောင်ချက်များကိုမဆို သို့အဟုတ် အနာဂါတ်တွင် ပြင်ဆင်ထားသည့် နည်းလမ်းများကို ထုတ်ပြန်ပေးရန် မိမိတို့မှ တိုက်တွန်းလိုက်ပါသည်။

**POSCO C&C နှင့် MEHL အကြား စီးပွားရေးတုံ့ပြန်မှု**

**2017 ခုနှစ်တွင်** POSCO သည် **ဦးပိုင် (MEHL) သို့ အမြတ်များ ခွဲပေးကြောင်း** ယမန်နေ့က ဝန်ခံခဲ့သည်။ ထိုနှစ်သည် စစ်တပ်မှ ရိုဟင်ဂျာ ပြည်သူများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု ကျူးလွန်သည့်ခဲ့သည့်၊ ၎င်းတို့၏ မိတ်ဖက်များသို့ အမြတ်ငွေများခွဲပေးသည့်နှစ် ဖြစ်သည်။ လူမျိုးတုံးသတ်ဖြတ်မှုတွင် သေသေချာချာ တာဝန်ရှိသည့် တပ်ဖွဲ့များအပါအဝင် တပ်ရင်း တပ်မများဆီသို့ မြန်မာ့စီးပွားရေးဦးပိုင်လိမိတက် (MEHL) မှတစ်ဆင့် အမြတ်ငွေများ ခွဲဝေပေးခဲ့သည်။

POSCO C&C သည် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် (MEHL) မှ ပိုင်ဆိုင်သည့် အထူးစီးပွားရေးဇုန်တွင် တည်ရှိသည်။ POSCO C&C သည် အဆိုပါ စီးပွားရေးဇုန်ပေါ်တွင် မြေယာ အသုံးပြုမှုအတွက် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် (MEHL) အား အလဲအလှယ်အဖြစ် ရှယ်ယာ ၃၀ % ခွဲဝေပေးခဲ့သည်။ သို့သော် POSCO C&C က စီးပွားရေးလုပ်ငန်းအနေဖြင့် အကျိုးအမြတ်မရှိသောကြောင့်သောကြောင့် မည်သည့်အမြတ်အစွန်းကိုမျှ မပေးခဲ့ရသဖြင့် ပြဿနာရပ် မဟုတ်ကြောင်း ရပ်တည်နေသည်။ ဤသို့ဖြစ်ပါက **POSCO C&C အနေဖြင့် အကျိုးအမြတ် စတင်ရရှိသည်နှင့် အမြတ်ဝေစု ခွဲဝေမှု**

**လုပ်မည်လား။** ယခုချိန်ထိ POSCO C&C ၏ သဘောထားကို သုံးသပ်ကြည့်ပါက **MEHL နှင့် စီးပွားရေးဆက်နွယ်မှုကို မရပ်တန့်နိုင်သ၍ အမြတ်ခွဲဝေပေးချေမှုနှင့်သက်ဆိုင်သော ကုမ္ပဏီ၏ ရပ်တည်ချက်ကိုလည်း ယုံကြည်စိတ်ချ၍မရနိုင်ပါ။**

မြန်မာစီးပွားရေးဦးပိုင်လိမိတက် (MEHL) သည် စစ်တပ်မှ တည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်သည်။ ကုမ္ပဏီကို စစ်တပ်က ပိုင်ဆိုင်ထိန်းချုပ်ထားသည်။ **MEHL နှင့်စီးပွားရေးဆက်နွယ်မှု စဉ်ဆက်မပြတ် ထိန်းသိမ်းထားခြင်းဖြင့် POSCO C&C သည် ဆိုးရွားလှသည့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တာဝန်ရှိသည့် စစ်အစိုးရ၏ တရားဝင်မှုကို အသိအမှတ်ပြုသည့် အနှုတ်လက္ခဏာဆောင်သော သတင်းစကားပေးလိုက်ခြင်းပင်ဖြစ်သည်။**

POSCO C&C သည် ၂၀၁၂ခုနှစ် Korea Corporate Governance Service မှ ဆောင်ရွက်သည့် ESG အကဲဖြတ်မှုတွင် အဆင့် A သက်မှတ်ချက်ကို လက်ခံရရှိခဲ့သည်။ ကုမ္ပဏီအနေဖြင့် ၎င်း၏ဂုဏ်သိက္ခာကို ထင်ဟပ်စေမည့် လုပ်ဆောင်မှုများကို ပြုလုပ်ရပေမည်။ အမြတ်အစွန်းများကို လူ့အခွင့်အရေးချိုးဖောက်မှုများတွင် အသုံးပြုခြင်းမရှိကြောင်း MEHL ၏ တရားဝင်စာ လက်ခံရရှိကြောင်း ဆိုသည်မှာ POSCO C&C အနေဖြင့် တာဝန်ရှိမှုအား ရှောင်လွှဲခြင်းသာဖြစ်သည်။ ဂျပန်နိုင်ငံမှ Kirin ကုမ္ပဏီသည် **သီးခြား လွတ်လပ်သော ကျွမ်းကျင်သူတစ်ဦး၏ လူ့အခွင့်အရေးဆိုင်ရာ တင်ကြိုစုံစမ်းမှုများ (due diligence) ကို အခြေခံပြီး နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်မှုများပြုလုပ်နေပြီး MEHL နှင့် ပူးပေါင်းမှုကို အဆုံးသတ်ရန်ရှိသည်။ အလားတူပင် Posco C&C သည်လည်း MEHL နှင့် စီးပွားရေးဆက်ဆံမှုကို အဆုံးသတ်ရပေမည်။**